# မူမမှန်သော လိင်အင်္ဂါရှိသည့် ကလေးငယ်များ

မိသားစုများအတွက် အချက်အလက်များ

## သင့်ကလေးငယ် မွေးဖွားလာသည့်အပေါ် ဂုဏ်ယူဝမ်းမြောက်ပါသည်။

ဤအချက်အလက်စာရွက်ကို သင့်အား ပေးခဲ့ပါသည် အဘယ်ကြောင့်ဆိုသော သင့်ကလေးငယ်သည် အနည်းငယ် ကွဲပြားခြားနားသော (မူမမှန်သော) လိင်အင်္ဂါဖြင့် မွေးဖွားလာသောကြောင့်ဖြစ်ပါသည်။ ဤလိင်အင်္ဂါ ကွဲပြားခြားနားမှုများကို တစ်ခါတစ်ရံ၌ 'ဖိုမအင်္ဂါ နှစ်မျိုး အပြောင်းအလဲများ'၊ 'လိင်ဖွံ့ဖြိုးမှု ကွဲပြားမှုများ' သို့မဟုတ် 'လိင်အသွင်အပြင် အပြောင်းအလဲများ' ဟုရည်ညွှန်းပါသည်။

ဤကိစ္စသည် သင့်အတွက် စိတ်သောက ရောက်နိုင်ကြောင်း ကျွန်ုပ်တို့နားလည်ပါသည်၊ သို့သော်လည်း ၎င်းသည် ပြင်းထန်သည့် စိုးရိမ်ပူပန်မှု သေချာပေါက် ဖြစ်ပေါ်ရမည်ဟု မဆိုလိုပါ။  အကယ်၍ သင့်ကလေးငယ်၏ လိင်မှာ လတ်တလော မသေမချာ မရှင်းမလင်းဖြစ်နေလျှင် ကျန်းမာရေး အတတ်ပညာရှင်များထံမှ ပံ့ပိုးမှုဖြင့် ၎င်းကိုဖြေရှင်းရန် ဖြစ်နိုင်ပါလိမ့်မည်။ လိင်အသွင်အပြင် အပြောင်းအလဲများသည် လူများထင်မြင်ထားသည် ထက် ပိုမို၍ အဖြစ်များကြပါသည် – အကြမ်းအားဖြင့် ဆံပင်အနီရောင်ရှိသည့်လူများ အရေအတွက်နှင့်တန်းတူရှိသည် – ကျွန်ုပ်တို့၏ လူသား ကွဲပြားခြားနားကျယ်ပြန့်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြပါသည်။ ဤအပြောင်းအလဲ အမျိုးအစားများရှိကြသည့်လူများသည် အလွန်ပျော်ရွှင်ပြီး ကျန်းမာကောင်းမွန်သော ဘဝများဆီသို့ ဦးတည်နိုင်ပါသည်။

ဖိုမ လိင်အင်္ဂါ နှစ်မျိုးအပြောင်းအလဲများမှာ ဆေးဘက်ဆိုင်ရာ ပြဿနာများနှင့် အမြဲအားဖြင့် ဆက်စပ်မနေပါ၊ သို့သော်လည်း သီးခြား ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများနှင့်ဆက်စပ်လျက် ကျန်းမာရေးပြဿနာ အချို့ရှိကြပါသည်။ ဆိုလိုသည်မှာ သင့်ကလေးငယ်ကို ဆေးရုံ၌ သုံးသပ်ရန် အတွက် ရက်အနည်းငယ် ထားကောင်းထားနိုင်ပါသည်။

သင့်ကလေးအတွက် အကောင်းဆုံး စောင့်ရှောက်မှုနှင့်ကုသမှုတို့နှင့်ပတ်သက်၍ အကြောင်းအရာသိရှိပြီးမှ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အလို့ငှါ သင့်ကလေး၏ သီးခြား ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲနှင့်ဆက်စပ်သည့် ပြဿနာများနှင့် အန္တရာယ်များကို အပြည့်အဝ နားလည်ရန်အတွက် တိကျသော သတင်းအချက်အလက်များကို လက်ခံရရှိရန် အရေးကြီးပါသည်။

သင့်အား Royal Children's Hospital သို့မဟုတ် Monash Children’s Hospital သို့လွှဲပေးပါလိမ့်မည်၊ ၎င်းဆေးရုံတွင် သင်သည် ကျန်းမာရေး အတတ်ပညာရှင်များအဖွဲ့ထံမှ ပံ့ပိုးမှုကို လက်ခံရရှိပါလိမ့်မည်။ အထူး အလားတူသူ ပံ့ပိုး အုပ်စုများထံမှ အကူအညီကိုလည်း ရရှိနိုင်ပါသည်။ ဤအတတ်ပညာရှင် နှင့် အထူး အလားတူသူ ပံ့ပိုး အုပ်စုတို့နှင့်စကားပြောဆိုရန် သင့်အား ကျွန်ုပ်တို့ တိုက်တွန်းပါသည်၊ သူတို့သည် သင်၏ မေးခွန်းများကို ဖြေကြားနိုင်ပြီး သင့်အား ပိုမိုသော အချက်အလက်များကို ပေးနိုင်ပါသည်။

## သင့်ကလေးငယ် မွေးဖွားလာကြောင်း ကြေညာခြင်း

မိသားစုနှင့်မိတ်ဆွေများသို့ သင့်ကလေးငယ် မွေးဖွားကြောင်း ကြေညာမိတ်ဆက်ပေးသည့်အခါ သင်သည် ကလေးငယ်၏ လိင် (သူ/သူမ) ကို ရည်ညွှန်းရန် လိုလားနိုင်သည် သို့မဟုတ် မလိုလားနိုင်ပါ။ သင်သည် သင့်ကလေးငယ်ကို စတင်သိရှိသည့်အချိန်တွင်သာ ရှိနေသေးပြီး ဤအဆင့်၌ လိင်ကို ဖော်ထုတ်ပေးရန် မလိုအပ်ပါ။

အကယ်၍ သင် မိသားစု နှင့် မိတ်ဆွေများတို့နှင့်စကားပြောဆိုလိုလျှင် သင့်အနေဖြင့် မသေချာမှု အချို့ရှိနေပြီး ရက်အနည်းငယ်အတွင်း ဆရာဝန်များထံမှ ပိုမိုတိကျသည့်သတင်းများ ရပါလိမ့်မည်ဟု ပြောနိုင်ပါသည်။  အကယ်၍ လူများက မေးမြန်းနေပြီး သင် မဖြေလိုလျှင် သင့် အနေဖြင့် ကျွန်ုပ် နေကောင်းပြီး မိခင်နှင့်ကလေးမှာ အနားယူနေကြောင်း သင် ပြောနိုင်ပါသည်။  မည်သို့ပြောရန်အတွက် ရွေးချယ်ပုံ နှစ်မျိုးလုံးမှာ မှန်ကန်ပါသည်၊ သင်နှင့်သင့်မိသားစု အတွက် အကောင်းဆုံး လိုက်ဖက်မည့် ပြောဆိုပုံကို ရွေးပြောပါ။

ကလေး၏ နံမည်ကို မပေးမီ ကလေး၏ လိင်ကို ဖော်ထုတ်ပေးနိုင်သည့်တိုင် သင် စောင့်ဆိုင်းရန် လိုလားနိုင်သည်။ သင့်တွင် ကလေးမွေးဖွားပြီးနောက် ကလေးနံမည်ကို မွေးစာရင်းမှတ်ပုံတင်ရန် ရက်ပေါင်း 60 အထိရှိပါသည်။ လောလောလတ်လတ်အချိန်၌ သင်သည် သင့်ကလေးငယ်အား ချစ်စနိုးခေါ်သောအမည်ကို ပေးနိုင်ပြီး မိမိတို့၏ ကလေးအမည်ကို ဆုံးဖြတ်ရန် အချိန်အချို့ယူရသည်မှာ မိသားစုများအတွက် အဖြစ်များကြပါသည်။

VICTORIA State Government
Health and Human Services

## နောက်ထပ် အဆင့်များ

သင်နှင့်သင့်ကလေးငယ်အတွက် နောက်ထပ် အဆင့်မှာ အထူးကုဆရာဝန်များအဖွဲ့သို့ လွှဲပြောင်းပေးရန်ဖြစ်သည်၊ ၎င်းသူတို့သည် ထပ်ဆင့် စမ်းသပ်မှုများနှင့်စစ်ဆေးမှုများကို လုပ်ပါလိမ့်မည်၊ ဥပမာ-

- သင့်ကလေးငယ်၏ လိင်အင်္ဂါနေရာကို ကြည့်ရှုခြင်း
- ကိုယ်တွင်းအင်္ဂါများကို ကြည့်ရှုခြင်း (သာမန်အားဖြင့် တီဗွီဓါတ်မှန်ဖြင့်)
- သွေးစစ်ဆေးခြင်းနှင့် ဆီးစစ်ဆေးခြင်း
- သူတို့၏ မျိုးရိုးဗီဇကို သိရှိရန် သွေးစစ်ဆေးခြင်း

ဤအထူးကုဆရာဝန်များအဖွဲ့သည် စစ်ဆေးမှု အဖြေများ ဘာဆိုလိုသည်ကို သင် နားလည်စေရန် သင့်အား အချက်အလက် ပိုမိုပေးပါလိမ့်မည်။ သူတို့သည်  သင့်ကလေးကို ကလေးဘဝတစ်လျှောက်လုံး စောင့်ရှောက်ရန် သင့်အား ပံ့ပိုးပေးပါမည်၊ ယင်းနောက် လိုအပ်လျှင် သူတို့သည် သင့်ကလေးအား မိန်းကလေးအဖြစ်ဖြစ်စေ သို့မဟုတ် ယောက်ျားလေးအဖြစ်ဖြစ်စေ ထိန်းကျောင်းမွေးမြူရန်အတွက် သင် ဆုံးဖြတ်ရန် ပံ့ပိုးပေးပါမည်။ အထူးကုဆရာဝန်များအဖွဲ့သည် သင့်ကလေးအား အကောင်းဆုံး ပံ့ပိုးပေးရန် သင့်အား ကူညီပေးပြီး သင့်ကလေးအတွက် သူတို့ကြီးပြင်းလာသည့်အလျောက် ရရှိနိုင်သော နည်းလမ်းများ အားလုံးကို သင် နားလည်စေရန် ကူညီပေးပါမည်။

သင့်ကလေးငယ်ကိုယ်စား ကုသမှု ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ သင် အချိန်ယူရန် အရေးကြီးပါသည်။  မြောက်မြားစွာသော ကုသမှုများကို သင့်ကလေးအနေဖြင့် မိမိ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များကိုချမှတ်ရန် လုံလောက်စွာ ကြီးပြင်းလာသည့်တိုင် ရွှေ့ဆိုင်းထားနိုင်ပါသည်။ အကြံဉာဏ်ကို တောင်းခံပြီး နည်းလမ်း အားလုံးကို သုံးသပ်ပါ၊ ဖြစ်နိုင်သည့်ကိစ္စတွင် မည်သည့်ကုသမှုမျှ မလုပ်လိုရန် အပါအဝင် ဖြစ်သည်။

## အကြောင်းရင်းများ

ကလေးငယ်များ၏ တစ်နှင့် နှစ် ရာခိုင်နှုန်း အကြားရှိ ကလေးများသည် ဖိုမလိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲ သို့မဟုတ် လိင် အသွင်အပြင် အပြောင်းအလဲ ပုံစံအချို့ဖြင့် မွေးဖွားလာကြပါသည်။ ၎င်းတို့အနက် အရေအတွက်အချို့မှာ လိင်ဖွံ့ဖြိုးမှု အပြောင်းအလဲ အနည်းငယ် ပါဝင်ကြသည်၊ ၎င်းသည် ကျန်းမာရေးစနစ်များ သို့မဟုတ် အစဉ်တစ်စိုက် ကျန်းမာရေးလိုအပ်ချက်များ ဖြစ်ပေါ်မှုတို့နှင့် သိသာထင်ရှားသော ရေရှည် အပြန်အလှန် သက်ရောက်မှုများ ဖြစ်ပေါ်မည် မဟုတ်ပါ။ ဤအပြောင်းအလဲများ၏ အနည်းအကျဉ်းသော တစ်စိတ်တစ်ပိုင်းသာလျှင် လိင်ဆိုင်ရာ ပုံပန်း သဏ္ဍာန် ဖြစ်ပေါ်ပြီး ပုံပန်းသဏ္ဍာန်အားဖြင့် လိင်အမျိုးအစားကို ဆုံးဖြတ်၍ မရနိုင်ပါ။

လိင်ဆိုင်ရာ ပုံပန်းသဏ္ဍာန် အပြောင်းအလဲများ (မှုမမှန်သော လိင်အင်္ဂါ) မှာ ဟော်မုန်း၊ ခရိုမိုဇုန်း (မျိုးရိုးဗီဇ အကြောင်းရင်းများ) အပါအဝင် အမျိုးမျိုးသော အကြောင်းရင်းများကြောင့် ဖြစ်နိုင်ပါသည်။  ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများမှာ လိင်အမျိုးအစား တည်ရှိမှု (လူများ မည်သို့ ပုံသဏ္ဍာန်ခွဲခြားမည်) နှင့် လိင် စိတ်ခံယူမှု (လူများ မည်သူ့ကို စိတ်ဝင်စားမည်) တို့နှင့် ကွဲပြားခြားနားပါသည်။

## ပံ့ပိုးမှု

ဆေးဘက်ဆိုင်ရာ အတတ်ပညာရှင်အဖွဲ့၊ မိသားစုနှင့်မိတ်ဆွေများ၏ ပံ့ပိုးမှုနှင့်အတူ သင်သည် အလားတူအတွေ့အကြုံရှိခဲ့သည့် အခြားလူများ ထံမှလည်း ပံ့ပိုးမှုကို ရှာဖွေကောင်း ရှာဖွေနိုင်ပါသည်။

ပိုမိုသိရှိလိုသော သတင်းအချက်အလက်များ အတွက် ဆက်သွယ်ရန်-

- Royal Children’s Hospital ဆေးပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးသူအရာရှိ- (03) 9345 7033 သို့မဟုတ် (03) 9345 5522 (တယ်လီဖုန်းခလုတ်ခုံ)
- Monash Hospital ဆီးလမ်းကြောင်းလိင်ဆိုင်ရာ ဌာန- (03) 9594 4723-
- AISSGA (Androgen Insensitivity Syndrome Support Group Australia) <http://www.aissga.org.au>
- Australian X and Y Spectrum Support (AXYS) <https://axys.org.au>
- CAH Support Group Australia <http://www.cah.org.au>
- Genetic Support Network Victoria <https://www.gsnv.org.au>
- Intersex Human Rights Australia <https://ihra.org.au>
- Turner Syndrome Association of Australia <https://www.turnersyndrome.org.au>.

ဤစာစောင်ကို မသန်မစွမ်းမှုရှိသူအတွက်ပုံစံဖြင့် လက်ခံရယူရန်အတွက် email DHHS diversity  သို့အီးမေးပို့ရန်<diversity@dhhs.vic.gov.au

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။
© ဗစ်တိုးရီးယားပြည်နယ်၊ ကျန်းမာရေး နှင့် လူမှုဝန်ဆောင်မှုများ ဌာန၊  မတ်လ 2019 ခုနှစ်
ISBN 978-1-76069-686-3 (pdf/online/MS word) ISBN 978-1-76069-753-2 (Print)
Health of people with intersex variations<https://www2.health.vic.gov.au/about/populations/lgbti-health/health-of-people-with-intersex-variations တွင်ရရှိနိုင်သည်။
Printed by TDC3, Richmond (1810017 banner)